ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ
အမိန့်အမှတ်(၁/၂၀၁၈)
နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆုတ် ( ၂ )ရက်
( ၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက် )

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားသည့် အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် Arakan Rohingya Salvation Army(ARSA)အဖွဲ့နှင့် ယင်းတို့နှင့်ဆက်နွယ်သူများ၏ ငွေကြေးများ၊ ပစ္စည်းများနှင့် ရန်ပုံငွေများအား ထိန်းချုပ်တားမြစ်ခြင်း

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက် နံနက်ပိုင်းတွင် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်၌ ပါဝင်ကျူးလွန်ခဲ့သည့် အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများနှင့် Arakan Rohingya Salvation Army (ARSA) အဖွဲ့တို့အား အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ သတ်မှတ်ကြေညာချက်အရ နောက်ဆက်တွဲပါ တရားခံပြေးစာရင်းအား လက်ခံရရှိသည့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၃၊ နည်းဥပဒေ ၃၄ ၏ နည်းဥပဒေပုဒ်မခွဲ(ခ) နှင့် (ဂ) တို့အရ အဆိုပါ တရားခံပြေးများနှင့် အဖွဲ့အစည်းများ၏ ရန်ပုံငွေများအား မိမိတို့လက်ဝယ်တွင်ရှိ/မရှိ စိစစ်၍ ရုံးဖွင့်ရက်(၃)ရက်အတွင်း အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ တင်ပြရန်၊ တွေ့ရှိပါက ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်မှုပြုလုပ်ရန်၊ ယင်းထိန်းချုပ်ထားသည့် ရန်ပုံငွေစာရင်းနှင့် အရေးယူဆောင်ရွက်ထားရှိမှုများအား အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဆောလျင်စွာတင်ပြရန် ညွှန်ကြားသည်။

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ခြင်းမှ ရုတ်သိမ်းသည့်အချိန်အထိ အထက်အပိုဒ် ၁ ပါ ကြေညာသတ်မှတ်ချက်အမိန့်သည် အာဏာသက်ရောက်သည်။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆(၃) နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအားတားဆီးနှိမ်နင်းခြင်း နည်းဥပဒေ ၁၁ တို့တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

မှ ထုတ်ပြန်သည့်တားမြစ်မိန့်သည် ထိန်းချုပ်မိန့်တစ်ရပ်အား ထုတ်ပြန်ခြင်းခံရသည့် မည်သည့် မြန်မာနိုင်ငံသားမဆို သို့မဟုတ် မြန်မာနိုင်ငံအတွင်းနေထိုင်သည့် သို့မဟုတ် တည်ရှိသည့် မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို သတ်မှတ်ကြေညာခြင်းခံရသူ သို့မဟုတ် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ယင်းတို့၏ကိုယ်စား သို့မဟုတ် ယင်းတို့၏ ညွှန်ကြားချက်အရ ဆောင်ရွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရန်ပုံငွေ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုတစ်စုံတစ်ရာ၊ စီးပွားရေးအရင်းအမြစ်များ သို့မဟုတ် ဘဏ္ဍာရေး သို့မဟုတ် အခြားဆက်စပ်ဝန်ဆောင်မှုများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီ၏ အကြောင်းကြားချက်မရှိဘဲ ဆောင်ရွက်ပေးခြင်းမပြုလုပ်ရန် ညွှန်ကြားပါသည်။

ဥက္ကဋ္ဌ

(ရဲမှူးချုပ် ကျော်ဝင်းသိန်း)

(အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား
တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ)

စာအမှတ်၊ ၄၃၁၉( [illegible] )/၁၄-၀၃/ဦး ၄

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

သတင်းပို့အဖွဲ့အစည်းများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကြီးကြပ်မှုအောက်ရှိ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထပ်ဆင့်ညွှန်ကြားသွားရန်)



On Site Visit 2016